သတ္တုတွင်းဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**သတ္တုတွင်းဦးစီးဌာန**

ရုံးအမှတ်(၁၉)၊နေပြည်တော်

**ရုံးအမိန့်စာအမှတ်၊ ၀၄၉ /၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်

(၂၀၁၈ ခုနှစ် ၊ ဧပြီလ ၁၀ ရက်)

၁။ သတ္တုတွင်းဦးစီးဌာနသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၃(ဂ)နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုထိန်းသိမ်းရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ဆားလုပ်ငန်းဌာနခွဲ | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ | အတွင်းရေးမှူး |

၂။ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကနဦး ဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့က အချက်အလက် အထောက်အထား ပြည့်စုံကြောင်း စိစစ်ထောက်ခံ တင်ပြလာသည့် ကျောက်အလတ်စားလုပ်ငန်းနှင့် ကန့်သတ်ကျောက်အသေးစားလုပ်ငန်းတို့အတွက် လျှောက်ထားလာသည့် လျှောက်လွှာများကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထပ်မံစိစစ်၍ အတည်ပြုပြီးသော လျှောက်လွှာများအနက် ဦးစွာလျှောက်ထားသူကို ရွေးချယ်ခြင်းနှင့် ယှဉ်ပြိုင်ရွေးချယ်ခြင်းနည်းလမ်း(၂)ခုအနက် မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို ကျိုးကြောင်းရှင်းလင်းဖော်ပြချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရမည်။

(ခ) အဖွဲ့၏စိစစ်ချက်အရသတ်မှတ်ချက်များနှင့်မပြည့်စုံ၊ မညီညွတ်၍ လက်ခံဆောင်ရွက်ခြင်းမပြုသည့် လျှောက်လွှာများကိုမှတ်တမ်းထားရှိရန်နှင့် သက်ဆိုင်ရာလျှောက်ထားသူသို့ ကျိုးကြောင်းဖော်ပြပြန်ကြားရမည်။

(ဂ) ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ၍ အတည်ပြုပါက ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ ဆက်လက် တင်ပြပေးရမည်။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ကွက်စိစစ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(င) ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့သည် ကျောက်အလတ်စားလုပ်ငန်းနှင့် ကန့်သတ်ကျောက်အသေးစားလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာသည့် လျှောက်လွှာများကို မှတ်ပုံတင်ခြင်း၊ ပဏာမစိစစ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကနဦး ဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်း တာဝန် ပေးအပ်ရမည်။

၃။ ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့သည် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၈)၌ သဘောတူဆွေးနွေးဆုံးဖြတ်ချက်အရ ဦးစီးဌာန၊ ကနဦးဝင်စာလက်ခံ စိစစ်မှတ်ပုံတင်ရေးအဖွဲ့က (၂၆.၇.၂၀၁၈)ရက်နေ့မှစ၍ လုပ်ကွက်လျှောက်လွှာများ လက်ခံမှတ်ပုံတင် ဆောင်ရွက်စေရမည်။

ခင်လတ်ကြီး

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၄၈၆၈ /ဓဖရ/အမိန့်ကြော်ငြာစာ/၂၀၁၈

ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၆ ရက်

**ဖြန့်ဝေခြင်း**

ဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ဝင်များအားလုံး

ရုံးလက်ခံ / မျှောစာတွဲ